ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။

မုန့်ကြိုးလိမ်



ချိန်ခွင်



နေအိမ်

မိုးတိမ်

ကြိမ်ခြင်း



စိန်ပန်းပင်

ပုသိမ်ထီး

မိုးခြိမ်း	ဖြီးလိမ်း	ပန်းထိမ်	ထိန်းသိမ်း	နံ့သာလိမ်း	ကြိမ်းမောင်း
ချိန်းဆို	ငြိမ်းချမ်း	ထိန်လင်း	စိမ်းစားဥ	စိမ့်စမ်းရေ	အနိမ့်အမြင့်

၂။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂)

စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

မိုးတိမ်ထူသည်။
လေငြိမ်နေ၏။
အိမ်ထဲမှာ ရေဒီယိုနားထောင်ပါ။
မိုးလေဝသ သတင်း
အကြိမ်ကြိမ် ကြားရသည်။

လမင်း ထိန်ထိန်သာ၏။
ညအချိန်မှာ ကစားမည်။
မီးအိမ်ကလေးကို ငြှိမ်းပါ။
စိန်ပြေးတမ်း ကစားရအောင်။

ရွာထဲမှာ အငြိမ့်ပွဲရှိသလား။
ဆိုင်းသံတခြိမ့်ခြိမ့် ကြားရသည်။
မိန်းကလေးများ ဖြီးလိမ်းနေပြီ။
ယိမ်းအက ငြိမ့်ညောင်းလှသည်။
ပွဲသိမ်းလျှင် အိမ်ပြန်ကြမည်။

ကထိန်ပွဲကြီး နီးလာပြီ။
ပွဲတော်အချိန် မီရဲ့လား။
ပုသိမ်ထီး ရပါစေမည်။
မစိုးရိမ်ပါနှင့်။
အချိန်မီပါသည်။

ကွက်လပ်ဖြည့်ကြရအောင်။

စိန်ပြေးတမ်း	မိုးခြိမ်းသံ	စိမ်းလန်း
ပုသိမ်ထီး	ယိမ်းနွဲ့	

(က) မိုးဦးရာသီတွင် ------ ကြားရသည်။

(ခ) လယ်ကွင်းပြင်မှာ စပါးခင်းများ ------ နေကြသည်။

(ဂ) လသာသာမှာ ကလေးတွေ ------ ကစားနေကြတယ်။

(ဃ) လေအဝှေ့တွင် ပန်းကလေးများ ------ နေကြသည်။

(င) မေမေ ဘုရားပွဲကအပြန် ------ ဝယ်လာပေးတယ်။

(ဃ) ရုပ်ပုံကြည့်ကာ စာရေးပါ။ စကားလုံးမှန်ဖို့ လေ့ကျင့်စို့။

၁။ ရုပ်ပုံကြည့်ကာ စာရေးပါ။



၂။ စကားလုံးမှန်ဖို့ လေ့ကျင့်စို့။

ရေအိုင်

(င) ညို့ထွေးနဲ့ကိုလေး (ကဗျာ)

ညို့ထွေးနဲ့ကိုလေး

လစန်းသာတဲ့ ညချမ်းခါ
ကစမ်း ညို့ထွေးရာ၊
ဆိုတေးသာတဲ့ ကိုကိုလေး
ချိုအေးသံသီကြွေး၊
ဝါဝါဖွေးတဲ့ ဖိုးလမောင်
မိုးမှ ပြုံးယောင်ယောင်၊
မမုန်းပေါင် လေနုအေး
ခြွေဆုသြဘာပေး။

အောင်နိုင်(တက္ကသိုလ်)

အခန်း ၃ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃)

(က) ဘာကြောင့်ကြိုက်တယ် ပြောကြမယ်

အချင်းချင်းဖလှယ်ပြောကြမယ်။



(ခ) ယုန်ကလေးက နားရွက်ထောင် (ကဗျာ)

ယုန်ကလေးက နားရွက်ထောင်

ယုန်ကလေးက နားရွက်ထောင်
ပညာရှိ ယောင်ယောင်၊
ကြောင်ကလေးက လက်သည်းဝှက်
ချောင်းလိုက်ရတဲ့ ကြွက်။
ရွှေဇီးကွက်ရဲ့ ကြွေ
ဘုရင်ကြီးလိုနေ၊
မိုးလေတွက်ကာ ဗေဒင်ဟော
တောက်တဲ့ ကိုလေပေါ။
ပြောတိုင်းယုံတဲ့ ပုတ်သင်ညို
ခေါင်းညိတ်လှသကို၊
ရွှေကျီးညို သာပါလှ
ဧည့်သည် လာပါစ။

တင်မိုး



(ဂ) အုန် (ုန်) အုန့် (ုန့်) အုန်း (ုန်း) အသတ်များ သင်ကြားကြစို့လား

အုန်	အုန့်	အုန်း
ုန်	ုန့်	ုန်း
ုံ	ုံ့	ုံး

စုန်	စုန့်	စုန်း
မုန်	မုန့်	မုန်း
ကုံ		ကုံး
ငုံ	ငုံ့	ငုံး
တုံ	တုံ့	တုံး

ကျုံ	ကျုံ့	ကျုံး
ချုံ	ချုံ့	ချုံး
ဖြုံ	ဖြုံ့	ဖြုံး
မြုံ	မြုံ့	
မှုန်	မှုန့်	မှုန်း

စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

စုန် စုန့် စုန်း

မှုန် မှုန့် မှုန်း

၃။ အသတ်လက္ခဏာသိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃)

ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ယုန်

ဂျုံ



ပျားအုံ



ဗုံရှည်



ခေါင်းအုံး

ဒုံးပျံ

ပန်းကုံး

မီးပုံးပျံ

မုန့်လုံးရေပေါ်

ပြုံးရွှင်	အုံ့မှိုင်း	ပြေးခုန်	လုံမလေး	နံ့သာမှုန့်	ကုန်းကြောင်း
ပုံပြင်	တွေ့ဆုံ	ရေပုံး	နယုန်လ	ကုန်စုံဆိုင်	လေမုန်တိုင်း

စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

စံပယ်သုံးကုံး
ဘယ်လိုသုံးမလဲ။
ပြုံး၍ မေးသည်။
ဆံထုံးမှာ ပန်မည်။

ဟင်းမျိုးစုံပြီ။
ခုံပေါ်မှာ အကုန်ချထားပါ။
ယင်မအုံပါစေနှင့်။
အားလုံး လုံအောင် ဖုံးထားပါ။





မိုးအုံ့လျှင် အေးသည်။
တံခါးလုံရဲ့လား။
ချမ်း၍ တုန်နေသည်။
စောင်လုံလုံ ခြုံထားပါ။

တောင်ကုန်းနားက ယုန်ကလေး
ခုန်၍ ခုန်၍ ခုန်၍ ပြေး။
မယုံလျှင် သွား၍မေး
မကြုံစဖူး ထူးလှသေး။